ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေ

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂/၉၆ )

၁၃၅၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

(၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) မျက်စိ ဆိုသည်မှာ ရှေ့ဘက်ပိုင်းတွင် မျက်ကြည်ဖြင့် ကာရံထားပြီး နောက်ဘက်ပိုင်းတွင် မျက်ဖြူဖြင့် ကာရံထားသော အလုံးပုံသဏ္ဌာန်ရှိ အမြင်အာရုံဖြစ်စေသည့် လူ့ခန္ဓာအစိတ်အပိုင်းကို ဆိုသည်၊

(ခ) မျက်စိဘဏ် ဆိုသည်မှာ မျက်စိနှင့်စပ်လျဉ်း၍ ဆေးကုသရန်ဖြစ်စေ၊ သုတေသနပြုရန်ဖြစ်စေ၊ အခြားဆေးဘက်ဆိုင်ရာလုပ်ငန်း ပြုလုပ်ရန်ဖြစ်စေ မျက်စိကို ထုတ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်ရန် ဤဥပဒေအရဖွဲ့စည်းသည့် အဖွဲ့အစည်းကို ဆိုသည်၊

(ဂ) မျက်စိလှူဒါန်းသူ ဆိုသည်မှာ သေဆုံးသည့်အခါ မိမိ၏ မျက်စိကို ထုတ်ယူခွင့်ပြုကြောင်း ကြိုတင်ဆန္ဒပြုထားသူကို ဆိုသည်၊

(ဃ) မျက်စိထုတ်ယူခွင့်ရှိသူ ဆိုသည်မှာ မျက်စိဘဏ်အတွက် မျက်စိထုတ်ယူခြင်းပြုရန် ဤဥပဒေအရ သတ်မှတ်ထားသူကို ဆိုသည်၊

(င) မျက်စိထုတ်ယူခြင်း ဆိုသည်မှာ မျက်စိထုတ်ယူခွင့်ရှိသူက သေဆုံးသူ၏မျက်စိကို ဤဥပဒေနှင့်အညီ ထုတ်ယူခြင်းကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) မျက်စိအစိတ်အပိုင်းကို လဲလှယ်ခြင်းဖြင့် မျက်စိ ပြန်မြင်နိုင်သည့် မျက်စိရောဂါရှိသူများကို ကျယ်ကျယ်ပြန့်ပြန့် ကုသပေးနိုင်ရန်၊

(ခ) မျက်စိလှူဒါန်းသူ၏မျက်စိကို စနစ်တကျ ထုတ်ယူနိုင်ရန်၊

(ဂ) မျက်စိဘဏ်ရှိမျက်စိများကို စနစ်တကျ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းဖြင့် မျက်စိရောဂါကုသမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ ကုမ္ပဏီများ၊ ပြည်တွင်း ပြည်ပမှ ပုဂ္ဂိုလ်များ၏ အကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုရယူ၍ မျက်စိဘဏ်လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်။

## အခန်း (၃)

## အမျိုးသားမျက်စိဘဏ်ကော်မတီ ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည်—

(က) အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သော အမျိုးသားမျက်စိဘဏ်ကော်မတီကို ဖွဲ့စည်းရမည်—

| | | |
|---|---|---|
| (၁) | ဝန်ကြီး .... ကျန်းမာရေး ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၃) | သက်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၄) | သင့်လျော်သော ပညာရှင်များ၊ ကျွမ်းကျင်သူများ | အဖွဲ့ဝင်များ |
| (၅) | ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

(ခ) လိုအပ်လျှင် အမျိုးသားမျက်စိဘဏ်ကော်မတီတွင် ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူး တို့ကို သတ်မှတ်နိုင်သည်။

၅။ အစိုးရဝန်ထမ်းမဟုတ်သော အမျိုးသားမျက်စိဘဏ်ကော်မတီဝင်များသည် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

## အခန်း (၄)

## အမျိုးသားမျက်စိဘဏ်ကော်မတီ၏ လုပ်ငန်းတာဝန်များ

၆။ အမျိုးသား မျက်စိဘဏ် ကော်မတီ၏ လုပ်ငန်း တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များနှင့် အညီ မျက်စိဘဏ်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန် မူဝါဒချမှတ်ခြင်း၊

(ခ) မျက်စိလှူဒါန်းလိုသူများ တိုးပွားလာရေးအတွက် လှုံ့ဆော်ရေးလုပ်ငန်း၊ ပညာပေးရေးလုပ်ငန်းများဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(ဂ) မျက်စိထုတ်ယူခြင်း၊ အရည်အသွေး စစ်ဆေးခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းတကျဖြစ်စေရန် လမ်းညွှန်ခြင်း၊

(ဃ) မျက်စိကို ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(င) မျက်စိဘဏ်လုပ်ငန်းဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင်သူများ မွေးထုတ်ရန် စီမံဆောင်ရွက်ခြင်း၊

(စ) မျက်စိဘဏ်လုပ်ငန်းဆိုင်ရာ သုတေသန လုပ်ငန်းများဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊

(ဆ) မျက်စိဘဏ်လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဇ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ ကုမ္ပဏီများနှင့် ပြည်တွင်း ပြည်ပမှ ပုဂ္ဂိုလ်များထံမှ အကူအညီရယူခြင်း၊ အလှူငွေ၊ ထောက်ပံ့ငွေ၊ ပစ္စည်းတို့ကို လက်ခံခြင်းနှင့် သင့်လျော်သလို ခွဲဝေသုံးစွဲခြင်း။

၇။ အမျိုးသား မျက်စိဘဏ်ကော်မတီသည် လိုအပ်သောဒေသ များတွင် မျက်စိဘဏ်ဖွဲ့စည်းရန် ကျန်းမာရေးဦးစီးဌာနသို့ ညွှန်ကြား နိုင်သည်။

၈။ အမျိုးသား မျက်စိဘဏ် ကော်မတီသည် ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းပြီး ယင်းတို့၏ လုပ်ငန်းတာဝန် များကို သတ်မှတ်ပေးနိုင်သည်။

## အခန်း (၅)

## မျက်စိလှူဒါန်းခြင်း

၉။ အသက် ၁၈ နှစ်ပြည့်ပြီးသူကဖြစ်စေ၊ အသက် ၁၈ နှစ်မပြည့် သေးသော်လည်း အုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိသူကဖြစ်စေ မျက်စိလှူဒါန်း နိုင်သည်။

၁၀။ မျက်စိဘဏ်သည် မျက်စိလှူဒါန်းခြင်းကို သတ်မှတ်ချက်များနှင့် အညီ လက်ခံနိုင်သည်။

၁၁။ မျက်စိဘဏ်သည် မျက်စိလှူဒါန်းခြင်းကို လက်ခံလျှင်—

(က) မျက်စိလှူဒါန်းသူများ မှတ်ပုံတင်စာအုပ်တွင် အမည် စာရင်း ရေးသွင်းရမည်၊

(ခ) မျက်စိလှူဒါန်းသူအား အသိအမှတ်ပြုလွှာ ထုတ်ပေး ရမည်။

၁၂။ မျက်စိလှူဒါန်းသူသည် ဆေးရုံ သို့မဟုတ် ဆေးခန်း၌ သေဆုံးလျှင် သက်ဆိုင်ရာ ဆေးရုံ သို့မဟုတ် ဆေးခန်းမှ တာဝန်ရှိသူက မျက်စိဘဏ်သို့ ချက်ချင်းအကြောင်းကြားရမည်။

၁၃။ မျက်စိလှူဒါန်းသူသည် ဆေးရုံ သို့မဟုတ် ဆေးခန်းမှအပ အခြား နေရာ တစ်ခုခု၌ သေဆုံးလျှင် ဆွေမျိုးသားချင်းက မျက်စိဘဏ်သို့ ချက်ချင်းအကြောင်းကြားရမည်။

၁၄။ (က) မျက်စိလှူဒါန်းသူသည် အသိအမှတ်ပြုလွှာကို ပြန်လည် အပ်နှံကာ မိမိ၏ မျက်စိလှူဒါန်းခြင်းကို ပယ်ဖျက်ပေးရန် မျက်စိဘဏ်သို့ အကြောင်းကြားနိုင်သည်၊

(ခ) ပုဒ်မခွဲ(က)အရ အကြောင်းကြားလျှင် မျက်စိဘဏ်သည် မျက်စိလှူဒါန်းသူများ မှတ်ပုံတင်စာရင်းတွင် အဆိုပါ မျက်စိလှူဒါန်းသူ၏ အမည်ကို ပယ်ဖျက်ပေးရမည်။

## အခန်း (၆)

## မျက်စိထုတ်ယူခြင်း

၁၅။ အောက်ပါ ပုဂ္ဂိုလ်များသည် မျက်စိ ထုတ်ယူခွင့်ရှိသူများ ဖြစ်သည်—

(က) မျက်စိအထူးကုဆရာဝန်၊

(ခ) မျက်စိရောဂါကု ဘွဲ့လွန်သင်တန်း တက်ရောက်နေသည့် ဆရာဝန်၊

(ဂ) မျက်စိဆေးရုံက မျက်စိထုတ်ယူရန် တာဝန်ပေးအပ်ခြင်း ခံရသော ဆရာဝန်၊ သူနာပြု သို့မဟုတ် ကျွမ်းကျင်သူ၊

(ဃ) ကျန်းမာရေးဦးစီးဌာနက အသိအမှတ်ပြုသည့် မျက်စိ ထုတ်ယူရေးဆိုင်ရာ သင်တန်းအောင်မြင်ပြီးသူ၊

(င) မှုခင်းဆရာဝန်ကြီး။

၁၆။ မျက်စိထုတ်ယူခွင့်ရှိသူသည် အောက်ပါ သေဆုံးသူ တစ်ဦးဦး၏ မျက်စိကို ထုတ်ယူခွင့်ရှိသည်—

(က) မျက်စိလှူဒါန်းသူ၊

(ခ) ခန္ဓာကိုယ်လှူဒါန်းသူ၊

(ဂ) ပိုင်ရှင်မရှိသူ၊

(ဃ) မျက်စိထုတ်ယူရန် ဆွေမျိုးသားချင်း တစ်ဦးဦးက ခွင့်ပြု ခြင်း ခံရသူ၊

(င) မျက်ကြည်လွှာ ထုတ်ယူခြင်းကို မှုခင်းဆရာဝန်ကြီးက ခွင့်ပြုသည့်ပြင် အနီးစပ်ဆုံး ဆွေမျိုးကလည်း ကန့်ကွက် ခြင်းမရှိသော မှုခင်းဖြစ်ရပ်တွင် သေဆုံးသူ။

၁၇။ ပုဒ်မ ၁၂ သို့မဟုတ် ပုဒ်မ ၁၃ အရ အကြောင်းကြားသည့်အခါ မျက်စိဘဏ်သည် မျက်စိကို သတ်မှတ်သည့် အချိန်အတွင်း ထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

## အခန်း (၇)

## မျက်စိသိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း

၁၈။ မျက်စိဘဏ်သည် ထုတ်ယူရရှိသော မျက်စိများ၊ ပြည်တွင်းသို့ တင်သွင်းသော မျက်စိများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ သိုလှောင်ထားရှိရမည်။

၁၉။ မျက်စိဘဏ်သည် သိုလှောင်ထားသော မျက်စိများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဖြန့်ဖြူးရမည်။

## အခန်း (၇)

## အထွေထွေ

၂၀။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် မျက်စိထုတ်ယူခွင့်ရှိသူ တစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့် သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်—

(က) ကျန်းမာရေး ဝန်ကြီးဌာနသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ကျန်းမာရေး ဝန်ကြီးဌာန၊ အမျိုးသား မျက်စိဘဏ်ကော်မတီ သို့မဟုတ် ကျန်းမာရေးဦးစီးဌာနသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
## အစိုးရအဖွဲ့
## အမိန့်ကြော်ငြာစာအမှတ် ၁၃/၉၇

ရန်ကုန်မြို့၊ ၁၃၅၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်
(၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

## အမျိုးသားမျက်စိဘဏ် ကော်မတီဖွဲ့စည်းခြင်း

မျက်စိအစိတ်အပိုင်းကို လဲလှယ်ခြင်းဖြင့် မျက်စိပြန်မြင်နိုင်သည့် မျက်စိရောဂါရှိသူများကို ကျယ်ကျယ်ပြန့်ပြန့်ကုသပေးနိုင်ရန်၊ မျက်စိလှူဒါန်းသူ၏မျက်စိကို စနစ်တကျထုတ်ယူရန် မျက်စိဘဏ်ရှိ မျက်စိများကို စနစ်တကျသိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းဖြင့် မျက်စိရောဂါကုသမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှကုမ္ပဏီများ၊ပြည်တွင်းပြည်ပမှပုဂ္ဂိုလ်များ၏ အကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုရယူ၍ မျက်စိဘဏ်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အတွက် အမျိုးသားမျက်စိဘဏ်ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်—

(၁) ဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန .... ဥက္ကဋ္ဌ

(၂) ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးဦးစီးဌာန .... အဖွဲ့ဝင်

(၃) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး .... အဖွဲ့ဝင်

(၄) ပြန်ကြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး .... အဖွဲ့ဝင်

(၅) ပို့ဆောင်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး .... အဖွဲ့ဝင်

(၆) ရွှေနေချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦး .... အဖွဲ့ဝင်

(၇) ပါမောက္ခ
မျက်စိဘွဲ့လွန်သင်တန်းကျောင်း
ဆေးတက္ကသိုလ် (၁) .... အဖွဲ့ဝင်

(၈) ပါမောက္ခ
ဗဟိုဆရာဝန်ကြီး
ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန် .... အဖွဲ့ဝင်

(၉) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး
အသင်း (ရန်ကုန်တိုင်း)မှ ကိုယ်စားလှယ်တစ်ဦး .... အဖွဲ့ဝင်

(၁၀) ဥက္ကဋ္ဌ
မြန်မာနိုင်ငံကြက်ခြေနီအသင်း .... အဖွဲ့ဝင်

(၁၁) ဥက္ကဋ္ဌ
မြန်မာနိုင်ငံဆရာဝန်အသင်း .... အဖွဲ့ဝင်

(၁၂) ဥက္ကဋ္ဌ
မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး
အသင်း အတွင်းရေးမှူး

(၁၃) ဒုတိယ ညွှန်ကြားရေးမှူး
မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး
စီမံကိန်း၊ ကျန်းမာရေးဦးစီးဌာန

အမိန့်အရ

(ပုံ) စိုးတင့်
အတွင်းရေးမှူး
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့

စာအမှတ်၊ ၃၇/၉၇ အဖရ ၉၇ (၂၉)
ရက်စွဲ၊ ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်

မိတ္တူကို

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌရုံး
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး
ဝန်ကြီးဌာနအားလုံး
တရားရုံးချုပ်
ရှေ့နေချုပ်ရုံး
စာရင်းစစ်ချုပ်ရုံး
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဦးစီးဌာန
ဝန်ထမ်းရေးရာဦးစီးဌာန
ပြည်သူ့လွှတ်တော်ရုံး
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး
မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီရုံး
သက်ဆိုင်ရာပုဂ္ဂိုလ်များ
ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး
ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း၊
မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်းပေးပါရန်နှင့် အပိုမိတ္တူ စောင်ရေ (၅၀) ကို ဤရုံးသို့ ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အမိန့်အရ

(ပုံ) စိန်သန်း
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရုံး

ကန့်သတ်

၁၀၂ .

# ပြည်ထောင်စုမြန်မာနိုင်ငံတော်

## အစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာ အမှတ် ၁၀ / ၉၈

ရန်ကုန်မြို့၊ ၁၃၆၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၆ ရက်

( ၁၉၉၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် )

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့မှ ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃/၉၇ ဖြင့် ဖွဲ့စည်းခဲ့သည့် အမျိုးသားမျက်စိဘဏ်ကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် တိုးချဲ့ဖွဲ့စည်းလိုက်ပါသည်—

| | | | |
|---|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | .... | ဒုတိယဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>မျက်စိရောဂါဘွဲ့လွန်ဆေးပညာသင်တန်း | .... | အဖွဲ့ဝင် |
| (ဂ) | အတွင်းရေးမှူး<br>ဗဟိုအမျိုးသမီးရေးရာကော်မတီ | .... | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဦးစီးဌာန | | တွဲဖက်အတွင်းရေးမှူး |

အမိန့်အရ

( ပုံ ) စိုးတင့်

အတွင်းရေးမှူး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့

စာအမှတ်၊ ၂၁/၉၈ အ ဖ ရ ၉၈ (၂၂)

ရက်စွဲ၊ ၁၉၉၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်

ကန့်သတ်

ကန့်သတ်

၁၀၃

မိတ္တူကို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး
ဝန်ကြီးဌာနအားလုံး
တရားရုံးချုပ်
ရှေ့နေချုပ်ရုံး
စာရင်းစစ်ချုပ်ရုံး
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဦးစီးဌာန
ဝန်ထမ်းရေးရာဦးစီးဌာန
ပြည်သူ့လွှတ်တော်ရုံး
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး
မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီရုံး
သက်ဆိုင်ရာပုဂ္ဂိုလ်
ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး
ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းပေးပါရန်နှင့် အပိုမိတ္တူစောင်ရေ
(၅၀)ကို ဤရုံးသို့ ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အမိန့်အရ

(ပုံ) မိန်သာန်း
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရုံး

ကန့်သတ်

# မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ

# မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၅။)
၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေတွင် -

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "မျက်စိဆေးရုံ" ဆိုသည့် စကားရပ်ကို "ကျန်းမာရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဃ) တွင် ပါရှိသော "မျက်စိထုတ်ယူရေးဆိုင်ရာသင်တန်း" ဆိုသည့် စကားရပ်ကို "မျက်စိဘဏ်ကျွမ်းကျင်သူသင်တန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (င) တွင် ပါရှိသော "မျက်ကြည်လွှာ" ဆိုသည့် စကားရပ်ကို "မျက်စိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်